

# မင်းတုန်းမင်းတရားကြီး၏
# မှန်နန်းစံကျော် ရွှေနန်းတော်

သန်းဝင်းလှိုင်



ပဥ္စမသင်္ဂါယနာတင် မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး
(ပန်းချီ မောင်ဇေခြည်ရေးဆွဲသည်)



မင်းတုန်းမင်းတရားကြီးနှင့် မြောက်နန်းမိဖုရား ခင်သဲ



ကျုံးတော်နှင့် အုတ်ရိုးတို့ဖြင့် ပန်းတင့်နေသော
လေးကျွန်းအောင်မြေ ရွှေမြို့တော်



ဒုတိယရတနာပုံနန်းစံ သီပေါမင်းနှင့် စုဘုရားလတ်



ပန်းချီတော် ဆရာချို ရေးဆွဲသော လေးကျွန်းအောင်မြေ ရွှေမြို့တော် မြင်ကွင်း



မြနန်းစံကျော် ရွှေနန်းတော်





မြနန်းစံကျော် ရွှေနန်းတော်တွင်းအတွင်းရှိ နန်းမြင့်နှင့် ပြတိုက်နှင့် အဆောင်များ



ရတနာပုံခေတ် ဒင်္ဂါးစက်ရုံ




နန်းတော်အရှေ့ရှိ ဦးထိပ်တံခါး



အပေါ်စီးမှမြင်ရသော မိဘုရားအဆောင်များ



ပဟိုရ်စင်



ရွှေမြို့တော်ရှိ ပြန်လည်တည်ဆောက်ထားသော နန်းမြင့်




Printed in 1959 as 100 years anniversary of Mandalay Palace.

# နိဒါန်း

မြန်မာ့သမိုင်းတစ်လျှောက်တွင် ဘုရင်များ သည် မိမိတို့ ၏ မင်းနေပြည် တော် ( နန်းမြို့တော် ) များကို မကြာခဏ ရွှေ့ပြောင်းခဲ့ကြသည် ။ မြန်မာ တစ်နိုင်ငံလုံးကို ပထမဆုံးအကြိမ် စည်းလုံးမိသည့် အချိန်မှ စ၍ ၁၉ ရာစု နှောင်းပိုင်း ဗြိတိသျှကိုလိုနီများ ဝင်ရောက်သိမ်းပိုက်လာသည့် အချိန်အထိ နှစ်ပေါင်း ( ၉၀၀ ) ခန့်အတွင်း မြန်မာနိုင်ငံတွင်

မင်းနေပြည်တော်ဖြစ်ခဲ့သည့် မြို့တော်ပေါင်းမှာ ရန်ကုန်မြို့အပါ အဝင် ( ၁၀ ) မြို့ ရှိခဲ့လေသည် ။

ယင်းတို့ အနက် အချို့သော မြို့တော်များ သည် တစ်ကြိမ်ထက်မက မင်းနေပြည်တော်ဖြစ်ခဲ့ရာ ရွှေ့ပြောင်းခဲ့သော အကြိမ်ပေါင်းမှာ လည်း ထိုထက်ပင် များ ပြားသည် ။ အထူးသဖြင့် မြန်မာဘုရင်တို့ ၏ နောက်ဆုံးမင်း ဖြစ်သော ကုန်းဘောင်မင်းဆက်ဝင် ဘုရင်များ သည် မြို့တော်ကို မကြာခဏ ရွှေ့ပြောင်းခဲ့ကြသည် ။ ကုန်းဘောင်မင်းဆက် ( ၁၁ ) ပါးအနက် ၅ ပါးသည် မြို့တော်ကို ရွှေ့ပြောင်းခဲ့ကြသည် ။

ဤကဲ့သို့ မြို့တော် မကြာခဏ ရွှေ့ပြောင်းရခြင်း၏ အချို့သော အကြောင်းအရင်းများ သည် လျော်ကန်သင့်မြတ်သော်လည်း အချို့မှာ မူ ဗေဒင်ကိန်းခန်းအရ သော်လည်းကောင်း၊ အချို့သော မင်းတို့ မှာ ကိုယ်ပိုင် မင်းနေပြည်တော် ရရှိလိုသော ဆန္ဒကြောင့်လည်းကောင်း၊ တစ်နည်းဆိုရသော် "မြို့တည်နန်းတည်" မင်းဖြစ်လိုသော ဆန္ဒကြောင့်လည်းကောင်း ရွှေ့ပြောင်းခဲ့ကြသည် ကို တွေ့ရသည် ။ သို့ရာတွင် မင်းနေပြည်တော်များကို ဤသို့ မကြာခဏ ရွှေ့ပြောင်းသော အလေ့အထသည် မြန်မာဘုရင်တို့ ၏ ထူးခြားသည့် အလေ့အထတစ်ရပ်ဟူ၍ မဆိုနိုင်ချေ။ အခြား ဘုရင်စနစ်ကျင့်သုံးသော နိုင်ငံများ တွင် လည်း မင်းနေပြည်တော်ကို မကြာခဏ ရွှေ့ပြောင်းခဲ့ကြသည် ။

မန္တလေး ရတနာပုံ မင်းနေပြည်တော်ကို ၁၈၅၇ ခုနှစ်တွင် ကုန်းဘောင်မင်းဆက်၏ ဒသမမြောက် မင်းတုန်းမင်းတရားကြီးက တည်ခဲ့သည် ။ မင်းတုန်းမင်းသည် မန္တလေးရတနာပုံ မင်းနေပြည်တော် မတည်ခင်က အမရပူရ မြို့တော်၌ သုံးနှစ်ခန့် နန်းစံခဲ့ရဖူးသည် ။

အမရပူရ မင်းနေပြည်တော် အဝ ( အင်းဝ ) မြို့တော်နှင့် ကမ်းတစ်ဖက်၌ တည်ရှိ၍ အင်းဝမြို့ အထက် ၆ မိုင်ခန့်အကွာတွင် တည်ရှိသည် ။ အနေ အထားအရ အင်းဝထက် သာလွန်ခြင်း မရှိပေ။ ဗဒုံမင်းခေါ် ဘိုးတော်မင်းတရားသည် အင်းဝမှ အမရပူရသို့ ရွှေ့ပြောင်းခြင်းမှာ ဗေဒင်ကိန်းခန်း အရသာ ဖြစ်သည် ။ ဗဒုံမင်းသည် အမရပူရမြို့တော်ကို "အင်းအိုင် ဝိုက်လည် အမရ တည်" ဟူသော စာဆိုနှင့် အညီ သက္ကရာဇ် ၁၁၄၄ ( ခရစ် ၁၇၈၂ ) တွင် တည်ခဲ့သည် ။

အမရပူရမြို့အကြောင်းကို ဟင်နရီယူးလ် ( Hanry Yule ) ၏ Narrative of a Mission to the Count of Ava ( အင်းဝရွှေနန်းတော်ရောက် ဗြိတိသျှသံအဖွဲ့ ) စာအုပ်၌ အတန်ပြည့်စုံစွာ ဖော်ပြထားသည် ကို တွေ့ရသည် ။ အမရပူရမြို့တော်ကို ဘေးပတ်ဝန်းကျင်ထက် အနည်းငယ်ပိုမြင့်သော ကုန်းကျသည့် မြေပေါ်တွင် တည်ဆောက်ထားသည် ။ မြစ်ရေကြီးသည့်အခါတွင် မြို့တော်သည် မြောက်ဘက်မှ အပ ကျန်သုံးဖက်တွင် ရေများ ဝိုင်းရံလျက်ရှိရာ၊ ကျွန်းဆွယ်သဖွယ်ဖြစ်နေပေသည် ။ မြို့ရိုးကာရံထားသည့် မြို့တော်သည် စတုရန်း ပုံသဏ္ဍာန်ရှိ၍ မြို့ရိုးမှာ ၁၂ ပေ၊ ၁၃ ပေခန့် မြင့်သည် ဟု ဆိုသည် ။ မြို့ရိုးတစ်ဖက်၏ အလျားသည် ၁ မိုင်နီးပါးမျှ ရှိသည် ။ သို့ရာတွင် လူဦးရေ အတော်များများ သည် မြို့ရိုး၏ အပြင်ဘက် မြို့ရိုးနှင့် မြစ်အကြား၌ နေထိုင် ကြသည် ။

ဘုရင့်နန်းတော်သည် မြို့ရိုးကာရံထားသည့် နန်းမြို့တော်၏ အလယ်ဗဟိုတွင် ရှိသည် ။ အုတ်လှေကား တပ်ဆင်ထားသော သစ်သားအဆောက်အအုံ ဖြစ်၍ ထိုအဆောက်အအုံ၏ အလယ်ဗဟို တည့်တည့်တွင် ရွှေချထားသော ဘုံကိုးဆင့် ပြာသာဒ်ရှိသည် ။ မြို့တော်၏ လမ်းများ သည် မြို့ရိုးလေးဖက်နှင့် မျဉ်းပြိုင်တန်းလျက်ရှိရာ ယင်းတို့ ၏ ကြားတွင် ထောင့်မှန်စတုဂံပုံအကွက်များ ဖြစ်နေလေသည် ။ လမ်းများ သည် ကျ

ယ်၍ ခြောက်သွေ့သည့် ဥတုတွင် သန့်ရှင်းသည် ဟု ဆိုသည် ။ လမ်းတို့သည် တစ်ဖက်တစ်ချက်တွင် မန်ကျည်းပင်များ စိုက်ထားသဖြင့် အရိပ်လည်းကောင်းသည် ။။



လွှတ်တော်ကျင်းပနေစဉ်



ရတနာပုံနေပြည်တော်သတင်းစာ

Mandalay Gazette.

မင်းတုန်းမင်းတရားကြီး
ခေတ်၌ ထုတ်ဝေခဲ့သော
ရတနာပုံ နေပြည်တော်
သတင်းစာ

မြို့တော်၌ စေတီပုထိုးနှင့် နိုင်ငံခြားသားအိမ်တို့ မှ အပ အုတ်တိုက် အဆောက်အအုံ မရှိချေ။ သာမန်ပြည်သူလူထုသည် မိမိအိမ်ကို ကျောက် ၊ အုတ်တို့ ဖြင့် ဆောက်ခွင့် မရှိချေ။ အိမ်များကို သစ်ဝါးတို့ ဖြင့်သာ ဆောက်လုပ်၍ ကြမ်းပြင်ကို မြေပြင်အထက် ပေအနည်းငယ် မြှင့်ထားကြသည် ။ မြို့တော် နှင့် ဆင်ခြေဖုံးဒေသတွင် စုစုပေါင်း အိမ်ခြေပေါင်း ထိုစဉ်က ၁၇ , ၆၅၉ ရှိ၍ ခန့်မှန်းလူဦးရေ ၉ သောင်းခန့် သာ ရှိသည် ဟု ရေးသားထားသည် ။

အမရပူရမြို့တော်၏ ထူးခြားချက်မှာ လူမျိုးကွဲများ သီးခြား နေထိုင် ကြခြင်းပင်ဖြစ်သည် ။ မြို့တော်ကို ရပ်ကွက်များ ခွဲခြား၍ လူမျိုးစုတစ်စု စီအတွက် သီးခြားရပ်ကွက်တစ်ကွက်စီ သတ်မှတ်ပေးထားသည် ကို တွေ့ရသည် ။ မြို့သူမြို့သားတို့ သည် အလုပ်အကိုင်နှင့် မိမိတို့ ရောင်းဝ ယ်သော ကုန်ပစ္စည်း အမျိုးအစားကို အခြေခံ၍ တူရာတူရာ စုပေါင်းနေ ထိုင်ကြလေ့ ရှိသည် ဟု သိရသည် ။

အမရပူရတွင် ထိုစဉ်က ပိုးထည်လုပ်ငန်းသည် အလွန်ထွန်းကား၍ ရက်လုပ်သူများမှာ မဏိပူရ ကသည်းပြည်မှ လာသူများ နှင့် ယင်းတို့ ၏ အဆက်အနွယ်များ ဖြစ်ကြသည် ။ ပိုးကိုမူ တရုတ်ပြည်မှ တင်သွင်းခဲ့သ ည် ။ တရုတ်ကုန်သည် များ သည် ကုန်းလမ်းဖြင့် အမရပူရအထိ လာ ရောက် ရောင်းဝယ်ကြသည် ။ ပိုး၊ အထည်အလိပ်၊ သိုးမွေးစောင် စသ ည် တို့ ကို ယူဆောင် လာကြသည် ။ မြန်မာပြည်မှ အပြန်တွင် ဝါဂွမ်းကို ဝယ်ယူ သယ် ဆောင်သွားကြသည် ။

ထို့ကြောင့် အမရပူရသည် မင်းနေပြည်တော် ဖြစ်ရုံသာမက အရော

င်းအဝယ် ဖြစ်ထွန်းသော မြို့တော်ကြီးလည်း ဖြစ်သည် ။ သို့ရာတွင် အမရပူရသည် မြို့တော်အဖြစ် ကြာရှည်စွာ မတည်တံ့ခဲ့ပေ။ အမရပူရမင်းနေပြည်တော်ကို တည်ဆောက်ခဲ့သော ဗဒုံမင်း ( ဘိုးတော်မင်းတရား ) လက်ထက် နှစ်ပေါင်း ၄၀ ခန့် သာ မင်းနေပြည်တော်အဖြစ် တည်တံ့ခဲ့လေသည် ။



မြေနန်းပြာသာဒ်တော်



ကျုံးတော်

ဘိုးတော်မင်းတရား၏ ထီးနန်းကိုဆက်ခံသော မြေးတော် စစ်ကိုင်းမင်း ( ဘကြီးမင်းတရား ) သည် မင်းနေပြည်တော်ကို အမရပူရမှ အဝ ( အင်းဝသို့ တစ်ဖန်ပြောင်းရွှေ့ ထီးနန်း စိုးစံခဲ့သည် ။ ဤသို့ဖြင့် အဝသည် စတုတ္ထအကြိမ် မင်းနေပြည်တော် ဖြစ်လာပြန်သည် ။ အဝတွင် လည်း စစ်ကိုင်းမင်း တစ်ဆက်သာ ခံခဲ့သည် ။ နောက်တက်လာသော စစ်ကိုင်းမင်း၏ ညီတော် သာယာဝတီ မင်းခေါ် ရွှေဘိုမင်းသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း အမရပူရမြို့အထက် မိုင် ၆၀ ခန့်အကွာတွင်ရှိသော ကျောက်မြောင်းသို့ ယာယီရွှေ့ပြောင်းနန်းစံ၍ ထိုမှ တစ်ဖန် အမရပူရသို့ ပြောင်းရွှေ့၍ ထီးနန်းစိုးစံခဲ့သည် ။ သာယာဝတီမင်းသည် သက္ကရာဇ် ၁၂၀၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် ( ခရစ် ၁၈၄၆ ခုနှစ် နိုဝင်ဘာ လ ၁၇ ရက် ) အင်္ဂါနေ့ နတ်ပြည် စံခဲ့ရာ သားတော် ပုဂံမင်းသည် အမရပူရမြို့တော်၌ပင် နန်းစံခဲ့သည် ။

ထို့နောက် နောင်တော်ပုဂံမင်းကို နန်းချ၍ မင်းဖြစ်လာသော မင်းတုန်းမင်းတရားသည် အမရပူရတွင် ခေတ္တ ( သုံးနှစ်ခန့် ) သာ နန်းစံ၍ မင်းနေပြည်တော်ကို မန္တလေးရတနာပုံသို့ ရွှေ့ပြောင်း၍ မြို့တော်တည်ခဲ့လေသည် ။

မင်းတုန်းမင်း နန်းမြို့တည်မည့် အစီအစဉ်ကို ရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ် အတော်များများက မင်းအလို မလိုက်ဘဲ ကန့်ကွက်ခဲ့ကြသည် ။ ယင်းတို့ က နန်းမြို့သစ်တည်လျှင် ဆင်းရဲသား၊ ကျွန်တော်မျိုးများ ဆင်းရဲပင်ပန်းလိမ့်မည် ဟု ဆိုသည် ။ ကန့်ကွက်ခဲ့သူများမှာ -

( ၁ ) ကျော်အောင်စံထား ဆရာတော်၊ ( ၂ ) ပြည်ဆရာတော်၊ ( ၃ )

သရက်ဆရာတော်၊ ( ၄ ) ဆင်တဲ ဆရာတော်၊ ( ၅ ) မိုးထိ ဆရာတော်၊ ( ၆ ) မြသိန်းတန် ဆရာတော်၊ ( ၇ ) သကျသီဟ ဆရာတော်၊ ( ၈ ) ဗားကရာတိုက် ဆရာတော် ဦးကလျာဏ၊ ( ၉ ) မြို့ဝန်နောက်တော်ပါ မြင်းဝန်တိုက် ဦးရွှေသား၊ ( ၁၀ ) သရက်တောဆရာ ဦးရွှေမိတ်၊ ( ၁၁ ) မြဝတီတိုက်နေ ဦးသာစ၊ ( ၁၂ ) ဆင်တဲတိုက်နေ ဦးသာဂရ၊ ( ၁၃ ) ဆရာတော်ဦး စန္ဒိမာ၊ ( ၁၄ ) ဘုံကျော် တိုက်နေ ဦးဝဏ္ဏ၊ ( ၁၅ ) စကုတိုက်ဆရာတော်၊ ( ၁၆ ) မထီးဆရာတော်၊ ( ၁၇ ) ပြည်တိုက်ဦးကေဇ၊ ( ၁၈ ) အာသောကရာမတိုက် ဦးပညာသီဟ၊ ( ၁၉ ) ဦးကန်ဘေး၊ ( ၂၀ ) ဦးစန္ဒ၊ ( ၂၁ ) ဦးဥတ္တမ၊ ( ၂၂ ) ဦးသာဂရ၊ ( ၂၃ ) ငါးစို့တိုက် ဆရာတော်၊ ( ၂၄ ) မေဃဝတီတိုက် ဆရာတော်တို့ ဖြစ်ကြသည် ။

အဆိုပါ ဆရာတော် ( ၂၄ ) ပါးက ကုသဝတီပြည်၌ ရှစ်သောင်းလေးထောင် မင်းတို့ မပြောင်းမလွှဲ အမြဲစံနေကုန်သည် ။ ဓာတ်ပန်းကိန်းခန်းနှင့် မြို့ရွာအသစ် တည်ထောင်စံနေခြင်း မရှိ၍ အမရပူရမြို့တော်တွင် အမြဲစံနေ သင့်သည် ဟု ဆိုသည် ။

ထို့ပြင် ဤအမရပူရမြို့တော်မှာ ယခုစံတော်မူသည့်အတိုင်း မပြောင်း ( မလွှဲ စံနေတော်မူလျှင် သတ္တဝါများ ချမ်းသာလိမ့်မည်။ လူထုမပင်ပန်းရလေအောင် ပြောကြားသော်လည်း မအောင်မြင်ခဲ့ပေ။

မင်းလိုလိုက်၍ မင်းကြိုက်ကို သိကြကုန်သော မှူးကြီးမတ်ကြီးတို့ကလည်း မန္တလေးတောင်နှင့်တကွ ထိုအရပ်ဒေသ၏ မွေ့လျော်ပျော်ဘွယ်ရာ အဖြာဖြာကို သီကုံးဖွဲ့ဆို၍ တဘောင်သီချင်း များ သီဆိုခြင်းပြုခဲ့ကြသည် ။

သာခကေပြုရသော် ဦးလွန်းပြေရေး ကြာချပ်ကြီးတွင် "ရွှေနန်းအောင်ချာ၊ ပြုပွါ ရှေ့ဦးဆီက လေ . . . လေ ပျော်ခင်းသာယာ၊ နန္ဒာကန်ကြီး ဆ

ည်လို့ ထို့လေး" ဟူ၍ လည်းကောင်း၊ ကြာချပ် ငယ်ကြိုး၌ "ရွှေပြည်တော်နှင့် မဝေးမဝေး၊ မေရုငယ်ဓာတ်တော်၊ ကိန်းဝတ်ပျော်တောင်တော် မန္တလေး" ဟူ၍ လည်းကောင်း၊ ထောင်ရှောင်နေကြိုး၌ လည်း "အံ့သြကုန်နိုင်ဖွယ်၊ လေတည့်မှ ကန်ကြီး အောင်ပင်လယ် ... ရှုဖွယ်နက်ကျယ် .. အံ့ဖွယ်သာ ခင်းနန္ဒမြအဆင်းငယ်နှင့် မြစ်မင်းဧရာ . . . ရံလေတည့်မှ ပျော်ခင်းသည် သာစုံ" ဟူ၍ လည်းကောင်း၊ ဒေဝဘူတကြိုးအလိုက် နန်းဘွဲ့၌ မူ ဘုန်းမိုးရွာ သွန်းဖြန်း စခန်းမန်းဘွေဝယ် ခဝန်းရွှေညီလယ် . . . စမ္မာယ် ခါတော်ချိန် ပဉ်တဲ့ ပဥ္စသိန် . . ဝတိန်ညီလာနွဲ့နွဲ့လေး" ဟူ၍ လည်းကောင်း၊

မင်းရှင်စော တည်ခဲ့သော အောင်ပင်လယ်ကန်ဘွဲ့၌ "ကန်တော် ကန်တော် အထိကရ ဝဿန်မိုးဦးကျမှာ လေး ထွန်းကြ ထယ်ကြ . . . လယ်မြေ တာ ကန်ကြီးရေနှင့်သာ" ဟူ၍ လည်းကောင်း၊ မန္တလေးဘွဲ့၌ "မန္တလာဘုံ မြေခံ ဘူမိပြည်ရန်နှိမ် . . . သုဒဿကယ် . . . ဝေယန် နှုန်း စံတည်ရွှေဝတိန် . . ." ဟူ၍ လည်းကောင်း သီကုံးဖွဲ့နွဲ့ ကြလေသည် ။

ထို့ပြင် မင်းတုန်းမင်းလက်ထက်၌ သိုက်စာတစ်ခုလည်း ပေါ်ထွက်လာသည် ။ သိုက်စာ ဆိုသည် မှာ နတ်ဗြဟ္မာတို့ ကြွေးကြော်၍ အနှစ် ၁ဝဝ ကပင် စကြာမင်းဖြစ်မည်။ အနှစ် ၁ဝဝဝ ကပင် ဘုရားဖြစ်မည်ကို အဆင့်ဆင့် မှတ်သားကြသကဲ့သို့ မည်သည့်ကာလ၌ မည်သူမည်သို့ ဖြစ်မည်ဟု အဆင့်ဆင့် မှတ်သားကြသော စကားကို ခေါ်ခြင်း ဖြစ်သည် ။ အဆိုပါ သိုက်စာမှာ အလောင်းမင်းတရား၏ ကုန်းဘောင်မင်းဆက်သည် ၁၅ ဆက် ရှိသည် ဟု ဆို၏။



အနောက်မြောက်ရှိ ထင်ရှားတံခါး

"သစ္စာအကျင့်မှန်၊ ကူးသည့် သကြ်န်၊ တမံ အစောင့်ထား၊ မုဆိုး တစ်ကျိပ်ငါး" ဟူ၍ ဖြစ် သည် ။

အထက်ပါ သိုက်စာအရ ကုန်းဘောင်မင်းများ ၏ မွေးနေ့ အစဉ်အတိုင်း စီစဉ်လိုက်လျှင် မုဆိုး ( ၁၅ ) ဆက်သည် "၆ - ၃ - ၁ - ၂ - ၅ - ၂ - ၆ - ၄ - ၆ - ၂- ၁ - ၅ - ၁ - ၃ - ၀" ဟု ရသည် ။ ဤတွင် မင်းတုန်းမင်း ( အင်္ဂါသား ) နန်းတက် လိုက်သောအခါ လသကြ်န်နေရာတွင် ၄ - ၆ - ၂ ဖြစ်ရမည့် အစား ၄ - ၆ - ၃ ဖြစ်သွားရာ သိုက်စာနှင့် မကိုက်ကိုက်အောင် "လသကြ်န်" နေရာတွင် "လသင်း ဓံ" ( ၄ - ၆ - ၃ ) ဟု ပြင်ကြရသည် ။ သို့ဖြစ်ရာ သိုက်စာဆိုသည် မှာ လိုသလို ဖန်တီးရေးယူသည့် စာ ဖြစ်သည် ဟု ဆိုကာ အချို့က ပြက်ရယ်ပြုခဲ့ကြ ခြင်းဖြစ်သည် ။။

ထို့ကြောင့် ပုဂံဝန်ထောက် ဦးတင်က -

"သိုက်စာဆိုသည် မှာ မြှောက်စာ၊ ခြောက်စာဟူ၍ မှတ်ယူရမည်။ သိုက်စာရေးသားသည် ဆိုသည် မှာ လိုရာအကြောင်းတစ်ခုကို အစွဲပြုပြီးလျှင် ရှိပြီးသော အကြောင်းများကို ရေးသားဖော်ပြလျှင် တွေ့မြင်သူ လူအများ တို့ သည် ထိုသို့လော တွေးတောယုံမှားကြခြင်း၊ လိုက်နာကြခြင်း ဖြစ်ပေါ်လာတတ်သည် မှာ ဓမ္မတာပင်ဖြစ်သည် ။ သိုက်စာရေးသားပုံမှ လွန်စွာခက်ခဲသည် မဟုတ်။ အရစ်၊ အပင့်၊ အသတ်၊ အလတ် နှင့် စာစပ်နည်းကို နားလည် သူ ဖြစ်ခဲ့မူ လွယ်ကူစွာ သိုက်စာဖြစ်အောင် ရေးနိုင်သည် " ဟူ၍ မှတ်ချက် ပြုခဲ့လေသည် ။

တိုင်းသူပြည်သားတို့ ကလည်း မြို့ပြောင်းလျှင် မိမိတို့ အိမ်များကို ဖျက်၍ ရွှေ့ကြရမည် ကို ဝန်လေးကြသည် ။ သို့ရာတွင် မင်းဧကရာဇ်စိတ်

တော်နှင့် ဆန့်ကျင်၍ ကား တစ်စုံတစ်ရာ အထွေအထူး မပြောမဆိုကြပေ။ ပြောရိုးထုံးစံလည်း မရှိ။ ပြောရန်လည်း မဝံ့ကြပေ။ မင်းတုန်းမင်း၏ ညီတော် အိမ်ရှေ့စံ ကနောင်မင်းကား မြို့နန်းအသစ် တည်ခြင်းကို ဘုံကျော်ဆရာတော်ကဲ့သို့ပင် သဘောထားရှိ၏။ ဘုံကျော်ဆရာတော်ကို အိမ်ရှေ့စံ ကနောင်မင်းက "တပည့်တော်လည်း အရှင်ဘုရားနှင့် သဘောတူထား တိုက်ဆိုင်ပါသည် ။ သို့ရာတွင် နောင်တော်ဘုရား စိတ်အားထက်သန်တော်မူလှ၍ လျှောက်ထားခြင်းငှာ မဝံ့ပါကြောင်းနှင့်" ဆရာတော်ကို လျှောက်တင်လေသည် ။



***

# အခန်း ( ၁ )
# မြို့တည်နန်းတည်ရခြင်း အကြောင်း

အချို့က မန္တလေးမြို့တော်ကို မင်းတုန်းမင်းတရားသည် နိုင်ငံခြားသဘော်များ ၏ အသံကို မကြားလိုဍ် မြို့တော်ကို မြစ်မှ ခွာ၍ တည်ခဲ့သည် ဟု ဆိုကြသည် ။ အမှန်မှာ မင်းတုန်းမင်းတရား ကိုယ်တိုင် မြို့တည်နန်းတည် မင်းဘွဲ့ကို ခံယူလို၍ သာ ဖြစ်သည် ။ မြို့တည်ချင်ကြောင်း မင်းက စတင် လှုံ့ဆော်စီမံသည် ။ မည့်သည့် မှူးမတ်ပညာရှိ တစ်ဦးတစ်ယောက်ကမျှ စတင် အကြံပေး လျှောက်ထားသည် ကို မတွေ့ရပေ။

သက္ကရာဇ် ၁၂၁၈ ခုနှစ် သီတင်းကျွတ်လ ( ခရစ် ၁၈၅၆ ခု အောက်တို ဘာလ ) တွင် မင်းတုန်းမင်း အမိန့်တော်ရှိခဲ့သည် ကို ကုန်းဘောင်မဟာရာဇဝင်တော်ကြီး၌ အောက်ပါအတိုင်း ဖော်ပြထားသည် ။

"ဘုရားအလောင်းကပ်ဦး ပထမ၊ မဟာသမ္မတမင်းမှ စအစဉ် အဆက် လာသော ဘေးလောင်းတော်၊ ဘိုးလောင်းတော် သကျသာကီဝင်မင်းမျိုးတို့ သည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ ဟူသော တိုင်းခရိုင်နိုင်ငံများ တွင် မြို့နန်း တည်ထောင်စံနေသည့် အရာများ သည် ဘုရင်သခင် ဗျာဒိတ်တော်အရ သိုက်ဝင် မင်းတို့ သာ မြို့နန်းတည်ထောင် ဖန်ဆင်း စံနေရကြောင်းများကို ဆိုသည် နှင့်အညီ ဘေးလောင်းတော်၊ ဘိုး လောင်းတော်မင်းတရားတို့ သည် ရာဇ

ဌာနီ မင်းနေပြည်တော် တည်ထောင်စံနေတော်မူပြီးလျှင် သာသနာတော် အကျိုးစီးပွား၊ တိုင်းနေပြည်သူ ရှင်၊ လူ၊ | သတ္တဝါအပေါင်းတို့ အကျိုးစီးပွားကို ချီးမြှင့်ဆောင်ရွက်တော်မူကြသည် ။

ဆဒ္ဒန်ပေါက်မ အစုံရသော ဘေးတော်ရင်း မင်းတရားကြီး ( ဗဒုံမင်း ) သည် လည်း ရတနာပူရ အဝမြို့က ပြောင်း၍ မန္တလေး စက်ရိပ်ကို မှီပြီးလျှင် တောင်သမန်အနီး ထီးပေါင်းခအရပ်တွင် မြို့နန်းအသစ် တည်ထောင်ဖန်ဆင်း တော်မူပြီးလျှင် အမရပူရ သမုတ်တော်မူစံနေတော်မူသည် ။ ယင်းသို့ မြို့အသစ် တည်ထောင် စံနေတော်မူသော်လည်း ဘေးမင်းတရားကြီးလက်ထက် မန္တလေး သာသနာ ၂၄၀၀ မစေ့ မရောက်၊ သိုက်ဓာတ်ကိန်းခန်း၊ သာသနာ ကောဇာသက္ကရာဇ် အချိန်၊ ကာလ၊ မညီမညွတ်သေး ဖြစ်ချေသည် ။

ငါ့လက်ထက်မူကား ကိန်းခန်းဓာတ်၊ သိုက်နှင့်တကွ အလုံးစုံသာသနာ ကောဇာသမယကြိုက်နှင့် ညီသည် ။ ယင်းသို့ဖြစ်၍ ငါဧကရာဇ်မင်းမြတ်သည် မန္တလေး သာသနာသိုက်စဉ် အထွတ်အရှိများ နှင့် မန္တလေးအရပ်တွင် သာသနာတော် အတိုင်းအထက်အလွန် စည်ပင်ပွင့်လင်းစေခြင်းအကြောင်း၊ အမျိုးလေးပါး ပြည်သူသတ္တဝါအပေါင်းတို့ ချမ်းသာစီးပွား များ သဖြင့် ခိုမှီရာ ဖြစ်စေခြင်းအကြောင်းများကို ရည်တော်မူပြီးလျှင် မန္တလေးအရပ်သို့ ပြောင်း၍ မဟာရာဇဌာနီ မင်းနေပြည်တော်ကြီး အသစ်တည်ထောင်ဖန်ဆင်းတော်မူ၍ ထီးနန်းကနက် စိုက်ဆောက် စိုးစံတော်မူမည်။ မြို့နန်းတည်သင့် မတည်သင့်များကို တံဆိပ်ရဆရာတော် သံဃာတော်ကို အသီးသီးလျှောက်ထားစေ"။

ဤသို့ မြို့နန်းတော်သစ် တည်ရေးနှင့်ပတ်သက်၍ ၁၈၅၆ အောက်

တိုဘာလမှ နိုဝင်ဘာလအတွင်း အမိန့်တော်ခေါ်ယူကျင်းပခဲ့သော ဆွေးနွေးပွဲ ညီလာခံမှာ လေးကြိမ်တိုင်တိုင် ရှိခဲ့သည် ။

မင်းလိုမလိုက် ကန့်ကွက်ခဲ့သော ဆရာတော်များ ရှိသလို ဘုရင့် အလိုကို ထောက်ခံခဲ့သော တံဆိပ်တော်ရ ဆရာတော်များမှာ ညောင်ကန်ဆရာတော်၊ ကတိုးဆရာတော်၊ ပုသိမ်ဆရာတော်၊ ငွေးချိုဆရာတော်၊ တိလောကဓဇဝိဘင်္ဂါဒိမဟာဓမ္မရာဇာဓိရာဇ ဂုရု တံဆိပ်တော်ရ သာသနာပိုင် ဆရာတော်တို့ ဖြစ်သည် ။

မှူးတော် မတ်တော် များမှာ လည်း သဘောမတူသူဟူ၍ တစ်ဦး တစ်ယောက်မျှ မရှိချေ။ မှူးတော်မတ်တော်တို့ သဘောမှာ မူ မင်းဧကရာဇ်နှင့် ဆန့်ကျင်လိုမှု မရှိကြသည့်အပြင် ကိစ္စတစ်စုံ တစ်ရာပေါ်တိုင်း ထိုကိစ္စကို တာဝန်ယူ၍ ဆောင်ရွက်ကြရာ၌ များ သောအားဖြင့် ကိစ္စအောင်မြင်ပြီးနောက် ဘွဲ့ထူးဂုဏ်ထူးများ နှင့် ဆုလာဘ်များ ရရှိကြသဖြင့် ယင်းတို့ မှာ မြို့သစ် တည်သည် ကိုပင် အထူးပင် လိုလိုလားလား ရှိကြလေသည် ။



လေသာဆောင်



မြနန်းပြာသာဒ် အတွင်းပိုင်း

ထို့နောက် ၁၈၅၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် မြို့သစ်တည်မည့်နေရာကို သွားရောက်ကြည့်ရှု၍ အောက်တိုဘာ ၃၁ ရက်တွင် မြို့သစ်တည်ရန် နေရာ ( City Plan ) ကို ပုံစံရေးပြီး တင်သွင်းခဲ့ကြသည် ။ ရှေ့စာဟောင်းများ နှင့် ညှိနှိုင်းပြီး မြို့သစ်တည်ရန် အစီအရင် ရေးသားဆက်သွင်း ကြသည် ။

ယင်းနောက် မင်းတုန်းမင်း တရားသည် ၁၈၅၇ ဇန်နဝါရီ ၁၃ ရက် အင်္ဂါနေ့၌ မန္တလေးမြို့သစ်တည်ရန် အမိန့်တော် ထုတ်ပြန်ခဲ့လေသည် ။

ယင်းနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် နတ်တို့ ကို ဗလိနတ်စာ ကျွေး၍ တံဆိပ်တော်ရ ဆရာတော်ရှစ်ပါး ဦးဆောင်သော သံဃာတော်များက ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ပွဲသဘင် ကြီးကျယ်ခမ်းနားစွာ ခင်းကျင်း သည် ။

## ရွှေမြို့တော်ကြီးနှင့် ခုနစ်ဌာန

ထို့နောက် မင်းတရားကြီးသည် ရတနာပုံရွှေမြို့တော်ကြီးနှင့်အတူ ခုနစ်ဌာန တည်လုပ်ရန် မြန်မာသက္ကရာဇ် ၁၂၂၁ ခု နှစ် တန်ခူးလပြည့်ကျော် ၁၀ ရက် ( ခရစ် ၁၈၅၉ ခုနှစ် ဧပြီ ၂၇ ရက် ) တွင် မှန်နန်းစနုဆောင်တော်တွင် အမိန့်တော် တစ်ရပ် ချမှတ်ခဲ့သည် ။ ၎င်းအမိန့်တော်ကို နာခံတော်ပြောကြီးမှူးက ၎င်း လပြည့်ကျော် ၁၁ ရက် ( ဧပြီ ၂၈ ) တွင် ထုတ်ပြန်ရသည် ။ အမိန့်တော်နှင့် အညီ သက္ကရာဇ် ၁၂၂၁ ခု ကဆုန်လဆန်း ၂ ရက် ( ခရစ် ၁၈၅၉ ခုနှစ် မေလ ၃ ရက် ) အင်္ဂါနေ့ နံနက် ၁ ချ

က်တီး အချိန်အခါတော်အတိုင်း မန္တလေး မြို့တော်ကြီးကို အုတ်မြစ်ချရန် နေရာများကို တံခါးပြ တန်ဆောင်းကြီး ကြပ်မည့်သူ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးတော်၊ မတ်တော် အသီးသီး ကြပ်မတ်၍ မြေညှိပြင်ဆင်ကြရသည် ။

ထိုနှစ် ကဆုန်လဆန်း ၁၃ ရက် ( မေလ ၁၄ ရက် ) စနေနေ့ ညဥ့် ၂ ချက်တီးကျော် ၁၄ ရက် ( မေလ ၁၅ ရက် ) တနင်္ဂနွေနေ့ အဝင်နာရီပြည့် ၂ ပါဒ် အမြောက်သံကြားအခါတော်နှင့် အညီ

( ၁ ) ရွှေမြို့တော်ကြီး

( ၂ ) ကျုံးတော်

( ၃ ) မဟာလောကမာရဇိန် စေတီတော်

( ၄ ) သိမ်တော်

( ၅ ) မဟာအတုလ ဝေယန် ကျောင်းတော်

( ၆ ) ပိဋကတ်တိုက်တော်

( ၇ ) သုဓမ္မာဇရပ်

ခုနစ်ဌာနကို တစ်ပြိုင်တည်း ဝန်ကြီး၊ အတွင်းဝန်၊ မှူးကြီး၊ မတ်ကြီးတို့ အသီးသီး ကြပ်မတ်၍ စနေသားကြိုးရင်း၊ တနင်္ဂနွေသား ကြိုးဖျားကိုင်စေလျက် တနင်္လာသားကို ရွှေပန္နက်၊ ငွေပန္နက် စိုက်မှတ်စေပြီးလျှင် စာရင်း လျာထားပါဝင်သော စားတော်၊ ကွမ်း၊ ရေ၊ မှူးသား၊ မတ်သားတို့ က စ၍ အုတ်မြစ်ချရန် အုတ်မြစ်ကျင်းတူး ဆောင်ရွက်ကြရသည် ။


အခါတော်မရောက်မီ မြို့တော် လေးထောင့်တွင် လည်း တွင်းတူး၍ | အုတ်အင်္ဂတေ အသေအချာ လုပ်ဆောင်စေပြီး လျှင် ၁၂၀ ဝင် အဖုံးအပိတ်အစုံ စဥ့်အိုးတစ်လုံးအတွင်း နှမ်းကြီးဆီ ၄၀၊ နှမ်းလျှင်ဆီ ၄၀၊ မုန့်ညင်းဆီ ၄၀၊ သုံးရပ် ၁၂၀ ပိဿာကို ထည့်ပြီးလျှင် မြဲမြံခိုင်ခံ့အောင် ဖုံးပိတ်လျက် သက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်နေ့ ၂ ချက် တီးကျော် ၁၄ ရက် တနင်္ဂနွေနေ့သို့အဝင် ၂ နာရီ ဥပါဒ် ၅ ဗီဇနာ တစ်ပြန်ခရာ ပြည့် အချိန် မတိမ်းမယိမ်းစေရ။ တည့်မတ်စွာ ဆီအိုးကြီးကို မြှုပ်နှံရသည် ။

## တံခါး ၁၂ ရပ်

ကဆုန်လပြည့်ကျော် ၆ ရက် ( မေလ ၂၂ ရက် ) တွင် ရွှေမြို့တော်ကြီးနှင့် တကွ ခုနစ်ဌာနများကို အုတ်စီခင်းလုပ်ဆောင်ပြီးလျှင် မြို့တံခါး ၁၂ ရပ်၊ ယွန်းဆက်ပြေ တန် ဆောင်းပြာသာဒ်တိုင်များ စိုက်ထူရသည် ။ မြို့တော် လေးမျက်နှာ ဓာတ်တံခါး ၄ ရပ်မှာ ပြာသာဒ်ဘုံခုနစ်ဆင့်၊ မိတ်တံခါး ၈ ရပ်မှာ ပြာသာဒ် ဘုံငါးဆင့်၊ ထောင့်ပြကြီး ( ၄ ) ခု၊ ပြငယ် ( ၃၂ ) တို့ မှာ ပြာသာဒ် ဘုံ ၅ ဆင့် လုပ်ဆောင်စေသည် ။ သစ္စေသားရိုး၊ ဟင်္သာပဒါးရွှေချ မွမ်းမံရသည် ။ တံခါးတော်များကို တိုင်ထူမတ်သည့်နေ့ကစ၍ အမရပူရ မြို့တော်ရှိ တံခါးဟောင်း အမည်များကို မခေါ်စေနှင့်၊ သမုတ်တော်မူသည့် ကမ္ဗည်းသစ်၊ အမည်သစ်များကိုသာ ခေါ်ဝေါ် စေသည် ။



ယခုမှာကြားသွင်းခဲ့သော ယခုမာသမုဝတ္တုဝင်ထားရှိရာ အရှေ့ဘက်စေတဝန်ဆောင်



ပါတော်မူပြီးစ တွေ့မြင်ရသော မြေနန်းပြာသာဒ်တော်

နန်းမြို့ရိုး၏ မြို့ဝင်မြို့ထွက် တံခါး ၁၂ ရပ်ရှိရာ၊ တစ်မျက်နှာ သုံးပေါက်စီဖြစ်သည် ။ အလယ် တံခါးမကြီးများကို ကျုံးကူးတံတားနှင့် တည်ဆောက်ထားခြင်း ဖြစ်သည် ။ အလယ်တံခါးကို ဓာတ်တံခါး၊ ဝဲယာတံခါးကို မိတ်တံခါးဟု ခေါ်သည် ။

ဝန်ထောက်ပုပ္ပါးမြို့စား မဟာမင်းလှမင်းထင်ကျော် ကြီးကြပ်သည့် အရှေ့မြောက်စွန်မိတ် တံခါးကို "**ကုလား**" ဟူသော မိတ်ဖက်နံသင့်အရ ဘုန်းတန်ခိုးတော် လွှန်လွှန်ကဲကဲ ကြီးကျယ်မည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကို ယူ၍ "**လွှန်ကဲ**" တံခါးဟု သမုတ်တော်မူသည် ။

မကွေးမြို့စားဝန်ကြီး သူတိုး မင်းကြီး မဟာမင်းလှသီဟသူကြီး ကြပ်သည့် အရှေ့မျက်နှာအလယ် "**သူရဇ္ဇ**" ဓာတ်တံခါးကို "**အန္တာ**" ဟူသော ဓာတ်ဖက်နံသင့် အရ မြို့ဦးထိပ်ဟူသော တည်ရာဌာနကို အစွဲပြု၍ "**ဦးထိပ်**" တံခါးဟု သမုတ်တော်မူသည် ။ ( နန်းတော် အရှေ့တံခါးပေါက် ဖြစ်သည် ။ )

ဝန်ထောက်ခန်းပတ်မြို့စား မဟာမင်းလှသီဟသူကြီးကြပ်သည့် အရှေ့မျက်နှာ တောင်အစွန် မိတ်တံခါးကို "**ဆွေသား**" ဟူသော မိတ်ဖက်နံသင့် အရ ဇမ္ဗူဒီပါ ယူဇနာတစ်သောင်းလုံးကို ညွှတ်ရုန်းစိုက်ရမည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကိုယူ၍ "**သောင်းညွှတ်**" တံခါးဟု သမုတ်တော် မူသည် ။

တောင်မျက်နှာအရှေ့စွန် ဝန်ထောက်ဖောင်ဂန်မြို့သစ်မြို့စား မဟာမင်းထင် သီဟသူ ကြီး ကြပ်သည့် မိတ်တံခါးကို "**ကုလား**" ဟူသော မိတ်ဖက်နံသင့်အရ ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို သိမ်းကျုံးယူတော်မူမည်ဟူသော သုတိ မင်္ဂလာ ဩဘာနိမိတ်ဟူ၍ "**ကျွန်းလုံးယူ**" တံခါးဟု သမုတ်သည် ။ ( ယခု မင်္ဂလာတံခါး )

လောင်းရှည်မြို့စား အတွင်းဝန်မင်းကြီး မဟာစည်သူ ကြီးကြပ်သည့် တောင်မျက်နှာ အလယ် "**ကောလိ**" ဓာတ်တံခါးကို "**ဂဠေ**" ဟူသော ဓာတ်သက်နံသင့် အရ ဘုန်းတန်ခိုးတော် လွှမ်းမိုးရမည် ဟူသော သုတိ မင်္ဂလာဩဘာ နိမိတ်ကိုယူ၍ "**ကျော်မိုး**" တံခါး ဟု သမုတ်သည် ။

ဗန်းမော်အတွင်းဝန်မင်းကြီး မဟာမင်းလှစည်သူ ကြီးကြပ်သည့် တောင်မျက်နှာ အနောက်စွန် မိတ်တံခါးကို "**နှောင်ရင်း**" ဟူသော မိတ်ဖက် နံသင့်အရ ရန်အပေါင်းကို နှိမ်နှင်းမည်ဟူသော သုတိမင်္ဂလာဩဘာ နိမိတ်ကို ယူ၍ "**ရန်နှင်**" တံခါးဟု သမုတ်တော်မူသည် ။

အနောက်မျက်နှာစွန်း၊ သစ်တောဝန်မင်း ကျော်မင်းလှစည်သူ ကြီးကြပ်သည့် မိတ်တံခါးကို "**ဂဠေ**" ဟူသော ဓာတ်ဖက်နံသင့် အက္ခရာကို ယူ၍ တစ်နည်းအားဖြင့် ၎င်းတံတားသည် သေသောသူတို့ ကို ထုတ်ဆောင်ရာ အမင်္ဂလာ တံခါးဖြစ်၍ ၎င်းတံခါးမှ ဝင်ထွက်သွားလာ မကြာခဏ ကြုံတွေ့ရသောသူများ သည် မရဏနုဿတိ ကမ္မဋ္ဌာန်းကို မှန်ကြေးမုံပြင်ကဲ့သို့ အာရုံပြု ရှုကြကုန်လော့ဟု သတိပေးသော အထိမ်းအမှတ်အဖြစ် "**ကြေးမုံ**" တံခါးဟု သမုတ်တော်မူသည် ။ ( ယခုအခါ အာဋ္ဌဝီတံခါးဟု အမရပူရမှ ရွှေ့ပြောင်း လာသူများက ခေါ်ဝေါ်နေကြသည် ။ )

မြတောင်မြို့စား သေနတ်ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှကျော်

သူ ကြီးကြပ်သည့် အနောက်မျက်နှာစာအလယ် "**ပါပ**" ဓာတ်တံခါးကို "**စရေ**" ဟူ သော ဓာတ်ဖက်နံသင့်အရ ရွှေ မြို့ရွှေနန်းဥဒါန်းခေါ်တွင် အစဉ်အရှည် တည်တံ့ အံ့သော သုတိ မင်္ဂလာ ဩဘာနိမိတ်ကိုယူ၍ "**စည်ရှည်**" တံခါးဟု သမုတ်တော်မူသည် ။ ( ယခု ၁၉ လမ်း စက်ရှင်တံခါးနေရာဖြစ်သည် ။ )

အတွင်းဝန် ရေနံချောင်းမြို့စား မင်းကြီး မဟာမင်းကျော်ခေါင် ကြီးကြပ်သည့် အနောက်မြောက်မျက်နှာ မြောက်စွန်မိတ်တံခါးကို "**နောင်ရင်း** ဟူသော မိတ်ဖက်နံသင့်အရ ကျော်စော ထင်ရှားမည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကို ယူ၍ "**ထင်ရှား**" တံခါးဟု သမုတ်တော်မူသည် ။

မြောက်မျက်နှာ အနောက်စွန်း ပင်းတလဲမြို့ ပုဂံမြို့ဝန်မင်းကြီး မဟာမင်းခေါင် ကြီးကြပ်သည့် မိတ်တံခါးကို "ဆွေသား" ဟူသော မိတ်ဖက် နံသင့်အရ စည်ပင်သာယာမည်ဟူသော သုတိမင်္ဂလာ ဩဘာနိမိတ်ကို ယူ၍ "**စည်သာ**" တံခါးဟု သမုတ်တော်မူသည် ။

ပုခန်းကြီး မြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှ စည်သူ ကြီးကြပ်သည့် မြောက်မျက်နှာအလယ် "**အမြိတ္တ**" ဓာတ်တံခါးကို "**ဝံသေ**" ဟူသော ဓာတ်သင့်နံသင့်အရ "လေးသိန်း" ဟု သမုတ်တော်မူသည် ။ ( ယခု နန်း မြို့မြောက်ဘက်တံခါး )

ကင်းဝန် မဟာမင်းလှဇေယျသူ ကြီးကြပ်သည့် မြောက်မျက်နှာ အရှေ့စွန်း မိတ်တံတခါးကို "**အောင်ပ**" ဟူသော မိတ်ဖက်နံသင့် အရနှင့် မန္တလေးတောင်ဦး တော်ခြေအနီး၌ တည်ရှိနေသည် ကို ပေါ်လွင်ထင်ရှား

စေခြင်းငှာ "**မန်းဦး**" တံခါးဟု သမုတ်တော်မူသည် ။ တံခါး ၁၂ ရပ် အမည် တော်တို့ ကိုလည်း တံခါးပေါက်တစ်ခု နှစ်တစ်ခု၏ အဝင်လက်ဝဲ အထွက် လက်ယာကျသော မီးကာ အုတ်တံတိုင်းကြီးများ အနီး၌ အုတ်ပလ္လင်သုံးဆင့်ခံ၍ မော်ကွန်းစိုက်ထူခဲ့သည် ။ အုတ်ပလ္လင် အဖြူ လူနှစ်ဖက်ခန့်ရှိ ကျွန်းတိုင် နီနီကြီးများ ၏ ထိပ်မှ အနီခံ မော်ကွန်းပေါ်တွင် ရွှေစာလုံးကြီးများ ဖြင့် သက္ကရာဇ် ၁၂၂၁ ခု နှစ် ကဆုန်လပြည့်ကျော် ၆ ရက်နေ့ ည၌ ၃ ချက်တီး ကျော် ၇ ရက် ( ခရစ် ၁၈၅၉ မေလ ၂၃ ရက် ) တနင်္လာနေ့အဝင် ၄ နာရီ ၂ ပါဒ် အချိန်တွင် ရတနာပုံ၏ ရွှေမြို့တော်ကြီး ဦးထိပ်တံခါးစသည် ဖြင့် စေ့ငအောင် ကမ္ပည်းမော်ကွန်း စိုက်ထူထားသည် ။

***